# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 26, 2020 Volume 36, Number 18


**၂၆.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၅ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၁၄/- ကျပ် |
| CBM Rate | = ၁၂၈၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၂.၃ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၄၆.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၇၆.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၇.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၂.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇. ၄၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၀၉.၂၄ ကျပ် |
| ၂ ထိုင်းဘတ်တစ်ဘတ် | =၄၁.၁၄၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## တမူးနယ်စပ်ကုန်သွယ်ရေး ပြန်လည်ဖွင့်လှစ်နိုင်ရန်တင်ပြထား



COVID-19 ရောဂါအခြေအနေကြောင့် ယာယီပိတ်ထားသည့် တမူးနယ်စပ်ကုန်သွယ်ရေးကို ပြန်လည်ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာသို့တင်ပြထားကြောင်း တမူးနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးလှမောင်၏ပြောပြချက်အရ သိရသည်။

အိန္ဒိယနိုင်ငံနှင့် အဓိကကုန်သွယ်မှု ပြုလုပ်နေသည့် တမူးနယ်စပ်ကုန်သွယ်ရေးကို မတ် ၁၀ ရက်မှ ယနေ့အထိ ယာယီပိတ်ထားခြင်းဖြစ်ပြီး လက်ရှိတွင် အိန္ဒိယနိုင်ငံက COVID-19 ရောဂါနှင့်ပတ်သက်သည့် ကန့်သတ်ချက်များကို ဖြေလျှော့လိုက်ပြီဖြစ်ကြောင်းသိရသည်။ “အိန္ဒိယနိုင်ငံက ထိန်းချုပ်မှုကိုဖြေလျှော့လိုက်တာကြောင့် တမူးနယ်စပ်ကုန်သွယ်ရေးပြန်ဖွင့်ဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံ တင်ပြထားပါတယ်” ဟု ဦးလှမောင်ကပြောသည်။ ထိုကဲ့သို့ ပြန်လည်ဖွင့်လှစ်နိုင်ရန် စက်တင်ဘာလဆန်းမှစ၍ တင်ပြခဲ့ခြင်းဖြစ်ရာ လတ်တလောတွင် ပြန်လည်ဖွင့်လှစ်ရန် နှုတ်အားဖြင့် ပြောကြားထားပြီဖြစ်သည်။ “နိုဝင်ဘာလထဲမှာ ပြန်ဖွင့်ပေးမယ်လို့ နှုတ်အားဖြင့် ပြောထားပါတယ်။ Official တော့ မဟုတ်သေးပါဘူး။ ကျွန်တော်တို့ တင်ပြထားတဲ့အပေါ်မူတည်ပြီးတော့ ဖွင့်ဖို့စဉ်းစားမှာပါ” ဟု ဦးလှမောင်က ပြောသည်။ အဆိုပါ နယ်စပ်ကုန်သွယ်ရေးသည် တစ်နိုင်ငံလုံးရှိ နယ်စပ်ကုန်သွယ်ရေးများတွင် ပို့ကုန်အားဖြင့် အသာစီးရရှိသည့် ကုန်သွယ်ရေးတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် ယာယီပိတ်ထားသည်မှာ ရှစ်လနီးပါး ကြာမြင့်နေပြီဖြစ်သောကြောင့် ပြည်ပဝင်ငွေများစွာ နစ်နာဆုံးရှုံးမှုများ ရှိနေပြီဖြစ်ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/3414

## ယာယီရပ်ဆိုင်းထားသည့် မြဝတီကုန်သွယ်ရေး ယနေ့ပြန်စ



ထိုင်းနှင့်မြန်မာကားများ ကုန်ပစ္စည်းများ ပြောင်းလဲတင်ဆောင်ကြရာတွင် ဤသို့ ရိုလာများအသုံးပြု၍ လုပ်ဆောင်ကြရမည်ဖြစ်သည်။ ထိုင်း- မြန်မာ ချစ်ကြည်ရေးတံတားအမှတ် (၂) မှ ပြုလုပ်နေသည့် ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးအားလုံး တပတ်ကြာ ယာယီရပ်ဆိုင်းထားရာမှ ယနေ့(အောက်တိုဘာ ၂၆)တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းသိရသည်။

ထိုင်း-မြန်မာ ချစ်ကြည်ရေး တံတားအမှတ် (၂)မှ ပြုလုပ်နေသည့် ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးအားလုံးကို အောက်တိုဘာလ ၁၈ ရက်(ယနေ့ ညနေ ၃နာရီမှ) စ၍ အောက်တိုဘာ ၂၅ ရက် အထိ ထိုင်းနိုင်ငံဘက်က ယာယီရပ်ဆိုင်းထားခဲ့သည်။ ယနေ့တွင် မြန်မာ ကုန်တင်ယာဉ်များအား ထိုင်းနိုင်ငံ မဲဆောက်မြို့ BCF ဇုန်အထိလည်းကောင်း၊ ထိုင်းကုန်တင်ယာဉ်များအား မြန်မာနိုင်ငံ မြဝတီမြို့ BCF အထိလည်းကောင်း အပြန်အလှန်ကုန်သွယ်မှု ပြန်လည်စတင်ပြီဖြစ်သည်။

မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က "ကုန်သွယ်ရေးက ပြန်တော့ဖွင့်ပေမယ့် BCF မှာပဲ ဆိုတော့ အခက်အခဲရှိနေတယ်။ သူတို့ဘက်ကတော့ ကုန်သွယ်မှုပြန်စတယ်လို့ပြောတာပေါ့။ ကျနော်တို့ဘက်ကျတော့ ကုန်သွယ်တဲ့အနေအထားမျိုးတော့မဖြစ်ဘူးပေါ့" ဟု ဧရာဝတီသို့ပြောသည်။ နှစ်နိုင်ငံကုန်သွယ်ရေးကို နယ်စပ်ကုန်သွယ်ရေးထိန်းချုပ်မှုဇုန် (Border Control Facility – BCF) သို့သာ ဝင်ရောက်ခွင့်ပြုပြီး ကုန်သွယ်မှုပြုလုပ်ရခြင်းကြောင့် သိုလှောင်ရုံများအလုံအလောက်မရှိခြင်းနှင့် ကျွမ်းကျင်လုပ်သားများ မလုံလောက်ခြင်းကြောင့် ကုန်ပစ္စည်းများ အရည်အသွေးကျဆင်းခြင်း၊ ပျက်စီးခြင်း အစရှိသော အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းကဆိုသည်။ ဦးတေဇာအောင်က ဆက်လက်၍ "အခုက ဒါကိုပြန်ပြီးစမ်းဖွင့်တာပေါ့။ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ပြီး အခြေအနေတည်ငြိမ်သွားရင်၊ ကျနော်တို့မျှော်မှန်းထားတာတော့ နောက်နှစ်ပတ်လောက်ဆိုရင် အရင်တုန်းကလို ပုံမှန်ကုန်သွယ်ရေး ပြန်လုပ်နိုင်မယ်ပေါ့" ဟု ပြောဆိုသည်။

ယနေ့တွင် ပြန်လည်စတင်သော ကုန်သွယ်ရေးတွင် ထိုင်းနိုင်ငံဘက်က ဆောက်လုပ်ရေးပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများတင် ကုန်တင်ယာဉ်အစီး ၂၀ ကျော် ဝင်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံဘက်က မြေပဲနှင့်ဆန်မှုန့်ကဲ့သို့သော ကုန်များ ကားအစီးရေ အနည်းငယ်သာ ပြန်လည်တင်ပို့လျက်ရှိနေကြောင်း မြဝတီနယ်စပ်မှ ကုန်သည်တဦးဖြစ်သည့် ကိုအောင်မြင့်ဦးက ပြောသည်။ ၎င်းက "ဒီနေ့ကတော့ ပြန်စဖွင့်ပြီး ဆိတော့ တံတားမှာတော့ ကားတွေအပြည့် ပြန်ဖြစ်နေတယ်။ ထိုင်းဘက်က ကုန်တွေပဲ များတယ်။ မြန်မာဘက်က မြေပဲလောက် နည်းနည်းသွားနေတာ" ဟု ဆိုသည်။

မြဝတီနယ်စပ် ကုန်သွယ်ရေးသည် မြန်မာနိုင်ငံ၏ ဒုတိယကုန်သွယ်မှု အများဆုံးလုပ်ဆောင်သည့် ကုန်သွယ်ရေးစခန်းဖြစ်ပြီး ပုံမှန်ကာလတွင် ၁ ရက်လျှင် ကုန်စည်စီးဆင်းမှုသည် ကားအစီးရေ ၃၀၀ မှ ၅၀၀ ကြား ကုန်သွယ်လျက်ရှိသည်။ မြန်မာနိုင်ငံဘက်က လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ နှမ်းအပါအဝင် ရေထွက်ကုန်တချို့ကို တင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံဘက်က စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်သုံးဆီများအပါအဝင် ဆောက်လုပ်ရေး ပစ္စည်းများ ပြန်လည်တင်သွင်းလျက်ရှိသည်။

**Source:** https://burma.irrawaddy.com/news/short-news/2020/10/26/232302.html

## ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်းကို ဒီဇင်ဘာတွင် စတင်ဆောင်ရွက်မည်

ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်းကို လာမည့်ဒီဇင်ဘာတွင် စတင်ဆောင်ရွက်မည်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်ကပြောသည်။ အာဆီယံဒေသအတွင်း အခြားနိုင်ငံတကာ စက်မှုဇုန်များကို ယှဉ်ပြိုင်စွမ်းရှိသောဇုန်တစ်ခုဖြစ်လာစေရန် အခြေခံအဆောက်အအုံသာမက ရင်းနှီးမြှုပ်နှံသူအတွက် ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၃ ရက်တွင် ကျင်းပသည့် ကိုရီးယား-မြန်မာ စက်မှုဇုန်ထူထောင်ရေး ဦးဆောင်ညှိနှိုင်းမှုကော်မတီ အစည်းအဝေးတွင် ဝန်ကြီးကပြောကြားခဲ့ခြင်းဖြစ်သည်။

“တည်ဆောက်ရေးလုပ်ငန်းတွေကို ဒီဇင်ဘာမှာစတင်နိုင်ဖို့စီစဉ်ထားပြီး KMIC အတွက် လိုအပ်မယ့်အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်း၊ ရေပေးဝေရေးနဲ့ လျှပ်စစ်ဓာတ်အားပေးရေးတို့ကို စက်မှုဇုန်ဝင်းအပြင်ထိ ရောက်အောင် တည်ဆောက်ပေးဖို့ အစီအစဉ်တွေရှိပါတယ်” ဟု ဝန်ကြီးကဆိုသည်။ လှည်းကူးမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဧက ၅၅၀ ကျော်တွင် အကောင်အထည်ဖော်မည့် စီမံကိန်းအတွက် အသေးစိတ်ဒီဇိုင်းရေးဆွဲပြီးဖြစ်ကြောင်းနှင့် ထိုစီမံကိန်းသည် အလုပ်အကိုင်အခွင့်အလမ်း တစ်သိန်း ဖန်တီးပေးနိုင်မည်ဟု ဝန်ကြီးကဆိုသည်။ KMIC သည် ကိုရီးယား-မြန်မာ နှစ်နိုင်ငံအစိုးရကြား ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်စီမံကိန်းတစ်ခုဖြစ်ပြီး ကိုရီးယားအစိုးရပိုင် Land and Housing ကော်ပိုရေးရှင်း (LH) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။

**Source:** https://7day.news/detail?id=203127

## တရုတ်က သစ်သီးအဝယ်နည်းချိန်တွင် ယူအေအီး၊ စင်ကာပူအပါအဝင် အခြားနိုင်ငံများသို့ ဈေးကွက်ချဲ့ထွင်ရန်ကြိုးပမ်း



တရုတ်နိုင်ငံက COVID-19 ကပ်ရောဂါကြောင့် ဖရဲ၊ သခွားမွှေး ဝယ်လိုအား လျော့သွားချိန်တွင် ယူအေအီး၊ စင်ကာပူအပါအဝင် အခြားနိုင်ငံများသို့ ဈေးကွက်သစ်များ တိုးချဲ့တင်ပို့ရန်ကြိုးပမ်းနေကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောသည်။ စစ်ကိုင်း၊ မန္တလေးအပါအဝင် တိုင်းနှင့်ပြည်နယ်အချို့တွင်စိုက်ပျိုးထွက်ရှိသော ဖရဲသီးကို လက်ရှိတွင် ယူအေအီးနိုင်ငံက ၂၅ တန် ဝယ်ယူရန် အမှာရရှိထားကြောင်း ၎င်းကဆိုသည်။

ထို့အပြင် စင်ကာပူနိုင်ငံကလည်း မြန်မာ့ဖရဲကို ဝယ်ယူရန် ကမ်းလှမ်းထားသည်ဟုဆိုသည်။ “ဈေးကွက်ကို တတ်နိုင်သမျှ ချဲ့ထွင်ဖို့ ကြိုးစားနေပါတယ်။ နိုင်ငံခြား သံရုံးတွေမှာ ရှိတဲ့စီးပွားရေးသံမှူးတွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ဖို့ လုပ်နေပါတယ်”ဟု ဦးနိုင်ဝင်းကပြောသည်။ ဖရဲ၊ သခွားမွှေးစသော သစ်သီးများ ပြည်ပရောင်းချမှုသည် တစ်နှစ်လျှင် တန်ချိန်ရှစ်သိန်း ကျော်ရှိပြီး နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည်။ တရုတ်ဈေးကွက်သို့ အောက်တိုဘာမှ မေလကုန်အထိ နေ့စဉ် ကုန်တင်ယာဉ် ၄၀၀ မှ ၅၀၀ အကြား ဖရဲ၊သခွားမွှေးသစ်များ တင်ပို့သည်။

COVID-19 ကပ်ရောဂါကြောင့် ယခုနှစ်ဆန်းပိုင်းကစတင်ပြီး တရုတ်ဈေးကွက်သို့ သစ်သီးတင်ပို့ရောင်းချမှု လျော့နည်းသွားပြီး စိုက်ပျိုးသူတောင်သူများ အရှုံးများခဲ့၍ အခြားနိုင်ငံများသို့ဈေးကွက်ချဲ့ထွင်ရန် စီးပွားကူးသန်းဝန်ကြီးဌာနနှင့် အသင်းတို့က ဈေးကွက်ရှာဖွေမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဦးနိုင်ဝင်းကပြောသည်။ မြန်မာနိုင်ငံမှသစ်သီးဝလံများ စင်ကာပူနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာ၊ စင်ကာပူ နှစ်နိုင်ငံ စီးပွားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲတွင်လည်း ထည့်သွင်းဆွေးနွေးခဲ့သည်။

စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့ အောက်တိုဘာ ၂၃ ရက်က ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံက လက်ရှိရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေသည့် အရည်အသွေးမြင့်ဆန်စပါး ထုတ်လုပ်မှုကို ပိုမိုတိုးချဲ့ဆောင်ရွက်ရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းကဏ္ဍတွင် ပိုမိုပူးပေါင်း ဆောင်ရွက်ရေးနှင့် မြန်မာ့သစ်သီးဝလံများ စင်ကာပူ ဈေးကွက်သို့ ချဲ့ထွင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့အပြင် ဝန်ကြီးများက ဆိုလာစွမ်းအင် ထုတ်လုပ်ရေးတွင် စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့သည်။ “တရုတ်က ဒီနှစ်အဝယ်ထက်ဝက်လောက် လျော့သွားမယ်လို့မှန်းတယ်။ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ခဲ့တော့ ဝယ်လိုအားကလျော့မှာပဲ” ဟု မူဆယ်သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က ပြောသည်။

မှုဆယ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများတွင် COVID- 19 ကပ်ရောဂါကြောင့် ကျန်းမာရေးစစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်သဖြင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် အခက်အခဲများဖြစ်ပြီး လက်ရှိ ပွင့်လင်းရာသီအစတွင် တရုတ်နိုင်ငံသို့ သစ်သီးတင်ပို့ ရောင်းချမှုတစ်ရက်လျှင် ကားအစီး ၄၀ မှ ၅၀ အကြားသာရှိကြောင်း ၎င်းကပြောသည်။ ဖရဲသီးဈေးမှာလည်း အောက်တိုဘာလဆန်းတွင် တစ်တန်လျှင် အမြင့်ဆုံး ယွမ် ၄,၅၀၀ မှ ဆက်တိုက်ကျဆင်းလာပြီး လက်ရှိတွင် ယွမ် ၂,၅၀၀ ဈေးရရှိသည်ဟု ဦးစိုင်းခင်မောင်ကပြောသည်။ COVID-19 ကပ်ရောဂါနှင့် တရုတ်ဈေးကွက်၏ ဝယ်လိုအားမတည်ငြိမ်မှုကြောင့် ဆုံးရှုံးမှု များ ထပ်မံမကြုံလိုသည့် ဖရဲစိုက် တောင်သူများက ထက်ဝက်ခန့် လျှော့ချစိုက်ပျိုးကြသည်ဟု ဦးနိုင်ဝင်းကပြောသည်။

**Source: https://7day.news/detail?id=203129**

## ရန်ကုန်မြို့သစ်စီမံကိန်းအတွက် အီတလီ၊ စပိန်နှင့် ပြင်သစ်အပါအဝင် ကိုးနိုင်ငံက တရုတ်ကုမ္ပဏီနှင့်အပြိုင် တင်ဒါတင်သွင်း

ရန်ကုန်မြို့သစ်စီမံ ကိန်းတည်ဆောက်ရေးအတွက် စင်ကာပူ၊ ဂျပန်၊ အီတလီ၊ စပိန် နှင့် ပြင်သစ်တို့အပါအဝင် နိုင်ငံ ကိုးခုမှ ကုမ္ပဏီများက တရုတ် CCCC ကုမ္ပဏီနှင့် ယှဉ်ပြိုင်တင်ဒါ တင်သွင်းရန် စိတ်ဝင်စားကြောင်း တင်ပြခဲ့သည်ဟု အစိုးရပိုင်သတင်းစာများတွင် ထုတ်ပြန်သည်။ ထိုနိုင်ငံကိုးခုမှ ကုမ္ပဏီနှင့်လုပ်ငန်းစုပေါင်း ၁၆ ခုက ရန်ကုန်မြို့သစ်စီမံကိန်း တည်ဆောက်ရေးအတွက် တရုတ်ကုမ္ပဏီနှင့် ယှဉ်ပြိုင်တင်ဒါတင်သွင်းရန် စိတ်ဝင်စားခြင်းဖြစ်သည်ဟု အစိုးရကထုတ်ပြန်သည်။ အကြံပေးဝန်ဆောင်သူ Roland Berger က Swiss Challenge တင်ဒါ လုပ်ငန်းစဉ်၏ ပထမအဆင့်အဖြစ် စီမံကိန်းရင်းနှီးတည်ဆောက်ရန် စိတ်ပါဝင်စားကြောင်း အဆိုပြုလွှာ (Expres-sion of Interest - EOI) များကို နောက်ဆုံးထား တင်သွင်းရန် သတ်မှတ်ထားသည့် အောက်တိုဘာ ၂၂ ရက်အထိ စာရင်းများ ဖြစ်သည်ဟု အစိုးရက ထုတ်ပြန် သည်။

ရန်ကုန်မြို့သစ်စီမံကိန်း၏ ပထမအဆင့်ဖြစ်သည့် စီးပွားရေးအရဖြစ်နိုင်ခြေရှိသည့် စက်မှုဇုန်နှင့်အခြေခံအဆောက်အအုံများကို (Swiss Challenge) တင်ဒါကော်မတီက ဆွစ်ယှဉ်ပြိုင်တင်ဒါ (Swiss Challenge) ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထိုစီမံကိန်းအတွက် ယှဉ်ပြိုင်တင်ဒါ စတင်တင်သွင်းခွင့်ကို တရုတ် CCCC ကုမ္ပဏီက ရရှိထားခြင်းဖြစ်သည်။ ယခုကုမ္ပဏီ ၁၆ ခုသည် တရုတ်ကုမ္ပဏီက တင်သွင်းသည့်တင်ဒါကို ယှဉ်ပြိုင်တင်ဒါတင်သွင်းရခြင်းဖြစ်သည်။ ရန်ကုန်မြို့သစ်၏ စက်မှုဇုန်နှင့် အခြေခံအဆောက်အအုံများတည်ဆောက်ရေးအတွက် တရုတ် CCCC ကုမ္ပဏီ၏ ဆွစ် ယှဉ်ပြိုင်တင်ဒါ (Swiss Chall-enge) တင်သွင်းမှုကို ကြီးကြပ်ရန် ဂျာမနီအခြေစိုက် Roland Ber-ger ကုမ္ပဏီကို အကြံပေးအဖြစ် မြန်မာအစိုးရက ပြီးခဲ့သည့်စက်တင်ဘာတွင် ငှားရမ်းခဲ့သည်။

ဆွစ်ယှဉ်ပြိုင်တင်ဒါဆိုသည်မှာ ကုမ္ပဏီတစ်ခုက မိမိလုပ်ကိုင်လိုသည့် စီမံကိန်းတစ်ခုကို အစ၊ အဆုံး အကုန်ကျခံလေ့လာစစ်တမ်းပြုလုပ်၍ စီမံကိန်းပုံစံထုတ်ပေးရမည်ဖြစ်ပြီး စီမံကိန်းပုံစံထွက်လာပါက အခြားကုမ္ပဏီ များနှင့်အတူ ဈေးပြိုင်တင်ဒါဝင်ပြိုင်ရမည်ဖြစ်သည်။ အကယ်၍ ၎င်းက တင်ဒါမအောင်မြင်ပါက တင်ဒါအောင်မြင်သည့်ကုမ္ပဏီက စီမံကိန်းပုံစံထုတ်လုပ်ခဲ့သည့် မူလကုမ္ပဏီကို ကုန်ကျစရိတ် ပြန်လည်ပေးအပ်ရမည် ဖြစ်သည်။

ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသစ်တွင် ပါဝင်သည့် လုပ်ငန်းစီမံကိန်းများအနက် စက်မှုဇုန်နှင့်အခြေခံအဆောက်အအုံများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရဘက်က စီစဉ်ခြင်းဖြစ်သည်။ ရန်ကုန်မြို့သစ်စီမံကိန်းကို ယခင်အစိုးရလက်ထက်တွင် စတင်ခဲ့သည့် မြေနေရာရှိ မြေဧက ၂၀,၀၀၀ တွင် ပထမအဆင့် စတင်အကောင်အထည်ဖော်မည်ဟု ရန်ကုန်တိုင်းအစိုးရအဖွဲ့က ထုတ်ပြန်ထားသည်။

**Source:** https://7day.news/detail?id=203244

## ရေနံချောင်းမြို့နယ်၌ ဖရဲသီးများအရောင်းအဝယ်လိုက်ကာ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ထွက် ဖရဲသီးများ ယခုတစ်ပတ်တွင် အရောင်းအဝယ်လိုက်ကာ ဈေးကောင်းရလျက်ရှိကြောင်း ဒေသခံတောင်သူနှင့် ရောင်းဝယ်သူများထံမှသိရသည်။ ဖရဲသီးများအား ပြီးခဲ့သည့်စက်တင်ဘာလက

စတင်ဆွတ်ခူးကြပြီး ကျပ် ၇၀၀ ဖြင့်ရောင်းရကြောင်း၊ ယခုတစ်ပတ်အတွင်း ဖရဲသီးတစ်လုံးလျှင် ကျပ် ၁၀၀၀ ဖြင့် ရောင်းရကြောင်း၊ နယ်သီး (မန္တလေးကဖရဲသီး) မဝင်သည့်အတွက် ဖရဲသီးဈေးပြန်တက်လာခြင်းဖြစ်ကြောင်း လက်လီရောင်းဝယ်သူတစ်ဦးကပြောကြားသည်။

ရေနံချောင်းမြို့နယ်၌ စိုက်ဖရဲသီးကို အဓိကစိုက်ပျိုးပြီး ယခင်နှစ်နှင့်ယခုနှစ်တွင် ဖရဲသီးအောင်မြင်ဖြစ်ထွန်းကြောင်း၊ ဈေးကောင်းရရှိရန်လိုအပ်ပြီး နယ်သီးများမှာ ဈေးကွက်၌ တစ်လုံးကျပ် ၁၈၀၀ ဝန်းကျင် ဝယ်ယူရကြောင်း၊ ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စုတွင် ဖရဲသီးကို အဓိကထား၍ စိုက်ပျိုးကြကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## တရုတ်နိုင်ငံသို့ ကြံတန်ချိန် နှစ်သိန်းကျော်တင်ပို့မည်

ကြံရာသီတွင်တရုတ်-မြန်မာနယ်စပ် လွယ်ကျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ကြံတန်ချိန် နှစ်သိန်းကျော်တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ တင်ပို့မည့်ကြံများကို ကုမ္ပဏီတစ်ခုမှ လွယ်ကျယ်နယ်စပ်အနီးဒေသများရှိ ကြံစိုက်ခင်းများမှဝယ်ယူ၍တင်ပို့မည်ဖြစ်ပြီး တရုတ်နိုင်ငံသို့သကြားတင်ပို့မရသည့်အချိန်တွင် ကုန်ကြမ်းအဖြစ် ကြံအချောင်းလိုက်တင်ပို့မည်ဖြစ်သည်။ "ကုမ္ပဏီတစ်ခုကတင်ပို့မှာ။ သူ့ကကိုယ်တိုင်စိုက်တာတွေလည်းရှိတယ်။ အဲ့ဒီဒေသကပြည်တွင်းသကြားစက်တွေနဲ့ဝေးတဲ့ကြံတောင်သူတွေဆီကလည်း ဝယ်မယ်။ အဲ့ဒီဘက်ကလည်း သကြားစက်ရုံတွေနဲ့ဝေးတယ်။ လွယ်ကျယ်နဲ့ဆိုရင်ပိုနီးတယ်။ ဒီဘက်က ကားသမားတွေလည်း အလုပ်ဖြစ်မယ်။ စက်ရုံနဲ့ဝေးတဲ့ကြံတောင်သူတွေလည်းအလုပ်ဖြစ်မှာပေါ့" ဟု မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဒုဥက္ကဋ္ဌဦးဝင်းဌေးကပြောသည်။ ၂၀၂၀-၂၀၂၁ကြံရာသီတွင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ငွေရည်ပုလဲ သကြားစက်ရုံ ၃ ရုံအနက် နန့်အွန်ဒေသ သကြားစက်ရုံမှလည်း ကြံတစ်တန်လျှင် ၆သောင်းကျပ်ဖြင့်ဝယ်ယူ၍ တရုတ်နိုင်ငံသို့ Export တင်ပို့မည်ဖြစ်ကြောင်းသိရသည်။

ပြည်တွင်းသကြားစက်ရုံများအနေဖြင့် ဒီဇင်ဘာလဆန်းမှလကုန်အတွင်း ကြံဝယ်ယူကြိတ်ဝါးကြမည်ဖြစ်ပြီး ယခုနှစ်ကြံစိုက်ရာသီတွင် တစ်နိုင်ငံလုံး၌စိုက်ဧကစုစုပေါင်း ၄၃၈၄၂၀ ဧကစိုက်ပျိုးပြီးဖြစ်ကာ သကြားစက်ရုံများအနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် ကြံကြိတ်ဝါးရန်လျာထားချက်မှာ ၄၂၁၃၃၀၀တန်ခန့်မှန်းထားကြောင်း စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲထံမှ သိရသည်။

**Source:** https://www.facebook.com/fifthwavenews/

## သီတင်းကျွတ်ကြောင့် မန္တလေးအသီးဈေးကွက် အရောင်းသွက်



သီတင်းကျွတ်ပွဲတော်ကာလအကြိုဖြစ်သည့် ယခုရက်ပိုင်းအတွင်း မန္တလေးသစ်သီးဈေးကွက်၌ ရာသီပေါ်သီးနှံများနှင့် အသင့်ထုတ်ပိုးပြင်ဆင်ထားသည့် ဂါရဝပြုလက်ဆောင် သစ်သီးခြင်းများ ရောင်းအားသွက်လျက်ရှိကြောင်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၇၉ လမ်းနှင့် လမ်း ၈၀ ကြားရှိ သစ်သီးအရောင်းဆိုင်များမှပြောသည်။

ယခုကာလသည် သစ်သီးမျိုးစုံလှိုင်လှိုင်ပေါ်သည့် ရာသီဖြစ်ပြီး ပြည်တွင်းရှိ ဒေသအသီးသီးမှ ကျွဲကောသီး၊ သြဇာသီး၊ ထောပတ်သီးများ စတင်ထွက်ရှိလာသည့်အပြင် တရုတ်နိုင်ငံမှတင်သွင်းသည့် သလဲသီး၊ မက်မွန်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ သစ်တော်သီး၊ နဂါးမောက်သီးများနှင့်ထိုင်းနိုင်ငံမှ ဆန်းကစ်သီး၊ အုန်းသီးဂျယ်လီ၊ အုန်းသီးမီးဖုတ်နှင့် အုန်းစိမ်းရည်များ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာကြောင်းသိရသည်။

''သစ်သီးဈေးကွက်က သီတင်းကျွတ်နဲ့ သင်္ကြန်ကာလတွေမှာ မိဘဆရာသမားတွေကို ဂါရဝပြုဖို့ လာဝယ်ကြတဲ့အတွက် အရောင်းအဝယ်ကောင်းလေ့ရှိပါတယ်။ ဒီရက်ပိုင်းမှာတော့ တစ်နေ့ကို ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ရောင်းရတယ်။ ရောင်းချမှုအနေနဲ့ သစ်သီးမျိုးစုံလည်း ရောင်းအားကောင်းသလို အသင့်ထုတ်ပိုးထားတဲ့ သစ်သီးခြင်းတွေကိုလည်း ဝယ်ယူသူများပါတယ်။ သစ်သီးခြင်းတွေကို အသင့်ထုပ်ပိုး ပြင်ဆင်ပြီး ရောင်းချ ပေးသလို ဝယ်သူစိတ်ကြိုက် ရွေးချယ်ထားတဲ့ သစ်သီးတွေကိုလည်း ထုတ်ပိုးပြင်ဆင်ပြီး ရောင်းချပေးပါတယ်။ ရောင်းဈေးကတော့ သစ်သီးအစုံပါဝင်မှုပေါ် မူတည်ပြီး တစ်ခြင်းကို ငွေကျပ် ၂၅၀၀၀ ကနေ တစ်သိန်းကျပ်အထိ ရောင်းချပေးနေပါတယ်'' ဟု မဝင်းသစ်သီး ရောင်းဝယ်ရေးမှ ဒေါ်ဝင်းက ပြောသည်။ ယခုရာသီတွင် စတင်ထွက်ပေါ်လာသည့် သစ်သီးများအနက် တရုတ်ပန်းသီးနှင့်ထောပတ်သီးဈေးနှုန်းများ ကျဆင်းနေပြီး နဂါးမောက်သီး၊ ဆန်းကစ်သီးနှင့် အုန်းသီးဂျယ်လီဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် လက်ရှိရောင်းချနေသည့် သစ်သီးဈေးနှုန်းများအနေဖြင့် အရွယ်အစားပေါ်မူတည်၍ ပန်းသီးတစ်လုံးလျှင် ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ ယိုးဒယားဆန်းကစ်သီးတစ်လုံးလျှင် ၇၀၀ ကျပ်ဖြင့်လည်းကောင်း၊ ကျွဲကောသီးတစ်လုံးလျှင် ၃၅၀၀ ကျပ်မှ ၄၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ ထောပတ်သီးတစ်လုံးလျှင် ၄၀၀ ကျပ်မှ ၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ သလဲသီးတစ်လုံးလျှင် ၅၀၀ ကျပ်မှ ၁၀၀၀ ဖြင့်လည်းကောင်း၊ ဩဇာသီးတစ်လုံးလျှင် ၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ တရုတ်နဂါးမောက်သီးတစ်လုံးလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/3573-mandalay-fruit-market-is-on-booming.html

## ရွှေအရောင်းအဝယ်ကို Zoom စနစ်ဖြင့် ယနေ့စတင်

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း YGEA အနေဖြင့် ရွှေအရောင်းအဝယ်စနစ်ကို Zoom Application ဖြင့် အောက်တိုဘာလ ၂၆ ရက်တွင် စတင်လိုက်ပြီဖြစ်ကြောင်းသိရသည်။ ကိုဗစ် 19 ကြောင့် အရောင်းအဝယ်ခေတ္တရပ်နားထားသော ရန်ကုန်ရွှေဈေးကွက်ကို အောက်တိုဘာလ ၂၆ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး Zoom App ဖြင့် ဝယ်/ရောင်းပြုလုပ်နိုင်ရန် အတွက် စီစဉ်ဆောင်ရွက်ထားသည်။

ရန်ကုန်ရွှေဈေးကွက်ကို ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း၏လမ်းညွှန်မှုနှင့် ကျန်းမာရေးဦးစီးဌာန၏ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်စီစဉ်ထားပြီး အသင်းဝင်များအနေဖြင့်လည်း သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် အသင်းရုံးခန်းအနေအထားအရ လူဦးရေ အယောက် (၃၀) သာ လက်ခံနိုင်သော အနေအထားဖြစ်သည့်အတွက် ပွဲစားများ၊ ဝယ်ရောင်းများ၊ ဆိုင်သမားများအချင်းချင်း COVID-19 ရောဂါကာလအတွင်း ရောဂါကာကွယ်ရင်း အလုပ်လုပ်နိုင်ရန်အတွက် နားလည်မှုပေးရန် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းက မေတ္တာရပ်ခံထားသည်။ လက်ရှိ အောက်တိုဘာလ ၂၆ ရက်တွင် ပြည်တွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၁၃၀၀၀ ရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၉၇ ဒေါ်လာရှိကြောင်းသိရသည်။

ရန်ကုန်ရွှေဈေးကွက်ကို ပြီးခဲ့သည့် စက်တင်ဘာလ ၅ ရက်ကစ၍ ကိုဗစ် ၁၉ ရောဂါကူးစက်ပျံ့ပွားမှုကြောင့် ခေတ္တရပ်နားခဲ့ပြီး ရန်ကုန်ရွှေဈေးကွက် ရပ်နား ထားချိန်ကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိမိအိမ်အတွင်းဖွင့်လှစ်ထားသည့် ရွှေအရောင်းဆိုင်များမှာမူ အရောင်းအဝယ်ရပ်နားခြင်းမရှိဘဲ အဝယ်ထက် အရောင်းများလက်ခံနေရကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/56032

## ကယ်လီဖိုးနီးယားမျိုးစိတ် Hass ထောပတ်သီး ပြည်တွင်းဈေးကောင်းရ၊ ပြည်ပဝယ်လိုအားလည်းကောင်း

မြန်မာနိုင်ငံ၌ စမ်းသပ်စိုက်ပျိုးနေသည့် ကယ်လီဖိုးနီးယားမျိုးစိတ် Hass ထောပတ်သီးသည် ပြည်တွင်း၌ ဈေးကောင်းရသကဲ့သို့ ပြည်ပဝယ်လိုအားလည်းကောင်းနေကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရသည်။ "စမ်းသပ်စိုက်ပျိုးမှုက အောင်မြင်တယ်။ လောလောဆယ်မှာ စင်ကာပူ၊ တရုတ်နဲ့ထိုင်ဝမ်တို့က

လာပြီးမှာတာတွေရှိတယ်။ စင်ကာပူက တစ်လကို တန် ၁၀၀ လောက်လိုချင်တယ်။ ကျွန်တော်တို့က အဲဒီလောက် မထွက်သေးဘူး။ မျိုးစိတ်အသစ်က ထွက်တာက နည်းနေသေးတော့ သူတို့လိုသလောက် မပေးနိုင်သေးဘူး။ စင်ကာပူကဆိုရင် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံစာတစ်ခုတည်းနဲ့လက်ခံတယ်။ ကျန်တာတွေမလိုဘူးဟု မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးမင်းက မြန်မာတိုင်းမ်ကိုပြောသည်။

ယခုလက်ရှိ ပြည်တွင်းတွင် HSS ထောပတ်သီး တစ်ကီလိုလျှင် ကျပ် ၇၀၀၀ ရှိပြီး နိုင်ငံတကာပေါက်ဈေးမှာ တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၃ ဒေါ်လာခန့်ပေါက်ဈေးရှိသည်။ ဈေးများသော်လည်း ပြည်တွင်းတွင်လူကြိုက်များပြီး မှာယူသူလည်း များကြောင်း ၎င်းကဆိုသည်။ ယခင်က ထောပတ်သီးကို ရိုးရိုးသာစိုက်ပျိုးခဲ့ကြပြီး ယခုအခါ နိုင်ငံခြားပို့ကုန် စံချိန်စံညွှန်းမီစေရန် အတွက် ကယ်လီဖိုးနီးယားမှထောပတ်သီးမျိုးစိတ် ၅ မျိုးကိုတင်သွင်းခဲ့ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ကိုင်းဆက်စိုက်ပျိုးနေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ "အခုအသီးကစထွက်နေပြီ။ ဒီဇင်ဘာလလောက်မှာ ပိုထွက်မယ်။ တခြားနိုင်ငံတွေကမထွက်သေးတဲ့အချိန်လည်းဖြစ်နေတယ်။ နှစ်တိုင်းတော့ တိုးချဲ့ပြီးစိုက်နေတယ်။ လက်ရှိမှာ ဧကတစ်သောင်းကျော်လောက်စိုက်ပျိုးထားတာရှိတယ်။ အပင်တွေက လာမယ့် ၂၀၂၂ လောက်ဆိုရင် အကုန်သီးပြီ" ဟု ဦးကျော်စိုးမင်းက ပြောသည်။
မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ထောပတ်တန်ချိန် ၃၀၀၀၀ ကျော်ထွက်ရှိသော်လည်း အရည်အသွေးကောင်းမွန်သည့် အသီးနည်းပါးခြင်းကြောင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၏ မျိုးစိတ်တစ်ခုဖြစ်သော Hass ကို ထိုင်းနိုင်ငံမှ တင်သွင်းစိုက်ပျိုးခြင်းဖြစ်ပြီး အောင်မြင်နေကြောင်း ၎င်းကပြောသည်။

တရုတ်နိုင်ငံအနေဖြင့်လည်း ထောပတ်သီးနှင့်ပတ်သက်ပြီး ဈေးကွက်လိုလားချက်များသော်လည်း အစားအသောက်ဘေးကင်းလုံခြုံရေးကို ဦးစားပေးခြင်းဖြစ်သောကြောင့် လာမည့်တစ်နှစ်၊ နှစ်နှစ်အတွင်း AQSIQ ၏ အသိအမှတ်ပြုလက်မှတ်ရရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ AQSIO အဖွဲ့၏ အသိအမှတ်ပြုခြင်းမရှိပါက တရုတ်နိုင်ငံသို့ ထောပတ်သီးတင်ပို့ခွင့်ရရှိမည်မဟုတ်သောကြောင့် ထောပတ်ခြံစိုက်ခင်းများကို ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့် (GAP) လက်မှတ်ရရှိနိုင်ရေးအတွက် စီစဉ်လုပ်ဆောင်နေကြောင်းသိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ထောပတ်သီး ၈၀ ရာခိုင်နှုန်းခန့်ကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး တရုတ်၊ စင်ကာပူနှင့် ထိုင်ဝမ်တို့မှလည်း ထောပတ်သီးများဝယ်ယူရန် ကမ်းလှမ်းထားသည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် ထောပတ်စိုက်ဧက ၁၀၀၀၀ ကျော်ခန့်ရှိပြီး အဓိကအားဖြင့် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ထောပတ်သီးမျိုးစိတ် ၇ မျိုးခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/145531.html

## မြန်မာ့ရှေးအမွေအနှစ် ယွန်းထည်ပစ္စည်းများ ပြည်ပပို့ကုန်အဖြစ် ဈေးကွက်မြှင့်တင်ရေးဆောင်ရွက်

ကိုဗစ်–၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြောင့် ထိခိုက်မှုဖြစ်ခဲ့သည့် မြန်မာ့ယွန်းထည်လက်မှုပစ္စည်းများ ပြည်ပဈေးကွက်၌ ပို့ကုန်ပစ္စည်းအဖြစ် ဈေးကွက်မြှင့်တင်ရေး စတင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြန်မာတိုင်းမ်သို့ ပြောကြားခဲ့သည်။ "ယွန်းထည်ပစ္စည်းတွေဟာ ခရီးသွားတွေလာတာ နည်းလာသည့်အတွက်ကြောင့် ရောင်းရတာနည်းလာတယ်။ ဈေးကွက်မြှင့်တင်ပေးဖို့ ကျွန်တော်တို့က လုပ်ရပါတယ်။ လုပ်တဲ့အခါ အသေးစားစက်မှုလက်မှုနဲ့ ပေါင်းပြီး ကျွန်တော်တို့ကလုပ်ရပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ရဲ့ ၂၀၂၀ ကနေ ၂၀၂၅ အထိ အမျိုးသား ပို့ကုန်မဟာဗျူဟာမှာလည်း လက်မှုထည်တွေကို ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ထည့်သွင်းထားတာရှိပါတယ်။ ကျွန်တော်က အသေးစားစက်မှုလက်မှုဦးစီးဌာန ရန်ပုံငွေနဲ့ဝယ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံခြားမှာရှိတဲ့ စီးပွားရေးသံမှူးတွေနဲ့ သံရုံးတွေကို ပို့ပေးဖို့ဖြစ်ပါတယ်" ဟု မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသူက မြန်မာတိုင်းမ်သို့ ပြောကြားခဲ့သည်။

ယမန်နေ့တွင် အသေးစားစက်မှုလက်မှု ဦးစီးဌာနမှဝယ်ယူထားသော ယွန်းထည်ပစ္စည်းများအား ကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ကို လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ပုဂံဒေသနေထိုင်သူ၏ ၇၀ ရာခိုင်နှုန်း ယွန်းထည်ပြုလုပ်ခြင်းဖြင့် အသက်မွေးကြသည့် ယွန်းထည်လုပ်ငန်းသည် ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလ

ဖြစ်ခြင်းကြောင့် ခရီးသွားအဝင်မရှိသဖြင့် ရောင်းအားကျကာ အခက်အခဲတို့ဖြင့်ရင်ဆိုင်နေကြရသည်။ ယွန်းထည် ပစ္စည်းတစ်ခုလျှင် ကျပ်ငွေ ထောင်ဂဏန်းမှ သိန်းဂဏန်းထိ ရှိနေသော်လည်း ဝယ်လိုအားကျနေခြင်းဖြစ်သည်။ "နိုင်ငံခြားကသံရုံးတွေမှာ မြန်မာထုတ်ကုန်တွေကို ပြခန်းအသေးလေးတွေ လုပ်ထားတာရှိတာပေါ့နော်။ သူတို့ဆီကို ပို့ပေးပြီး ဈေးကွက်မြှင့်တင်ရေးလုပ်ဖို့ ရည်ရွယ်တာပါ။ စီးပွားရေးသံမှူးတွေဆီ ပို့ပေးမှာဖြစ်သလို နိုင်ငံခြားမှာလည်း ကုန်စည်ပြပွဲတွေရှိတယ်လေ။ လုပ်နေကြတာလည်း ရှိသလို လုပ်ဖို့စီစဉ်နေတာလည်းရှိတယ်။ နောက်ပြီး ယွန်းထည်တွေကိုပို့ပေးသလို ပစ္စည်းနဲ့ပတ်သက်တဲ့ အချက်အလက် ပန်းဖလက်တွေပါ ကျွန်တော်တို့က တစ်ခါတည်းပို့ပေးလိုက်တယ်လေ။ နိုင်ငံအသီးသီးမှာ ကုန်စည်ပြပွဲတွေမှာ ပြခန်းလေးတွေပါ ထည့်ပေးလေ့ရှိတယ်။ အဲဒါလေးတွေကို ကြေညာတဲ့အနေနဲ့ လုပ်ပေးမှာပေါ့နော်။ ကုန်စည်ပြပွဲကတော့ သွားဖို့မလွယ်ပါဘူး။ တရုတ်ဆိုရင် ကုန်စည်ပြပွဲလုပ်ဖို့စီစဉ်နေပြီပေါ့နော်"ဟု ဆိုသည်။

မြန်မာ့ရိုးရာ ပန်းဆယ်မျိုးတွင်တစ်မျိုး အပါအဝင်ဖြစ်သည့် ယွန်းထည်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် ၁၁ ရာစု ပျူခေတ်နှင့် ပုဂံခေတ်ဦး၌ ဝါးထည်ကို အတွင်း၊ အပြင် သစ်စေးသုတ်ထားသော ယွန်းထည်အဆင့်မှ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ပုဂံခေတ်နှင့်အင်းဝခေတ်တွင် ဝါးထည်ကို ရက်လုံးပျောက်၍ ညီညာချောမွေ့သွားစေရန် သရိုးကိုင်ချောခြင်းအဆင့်အထိ တိုးတက်လာခဲ့ပြီး အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် သစ်စေးအနက်ထည်ကို အလှအပတန်ဆာဆင်ခြင်းအဆင့်သို့ရောက်လာခဲ့သည်။ ၁၉၆၂ ခုနှစ်ကတည်းက ယွန်းထည်လုပ်ငန်းများစွာ တိုးတက်လာခဲ့ပြီး နိုင်ငံခြားသားများ၏ စိတ်ဝင်စားအားပေးမှု ရရှိလာခဲ့သည်ဟုသိရှိရသည်။

**Source:** https://myanmar.mmtimes.com/news/145579.html

## SME ကဏ္ဍအတွက် အခွန်ကောက်ခံမှုနှုန်းသတ်မှတ်ချက် သီးခြားမရှိ၍ အစိုးရနှင့်လုပ်ငန်းရှင်များနစ်နာမှုရှိ

SME ကဏ္ဍအတွက် အခွန်ကောက်ခံမှုနှုန်း သတ်မှတ်ချက် သီးခြားဥပဒေမရှိသဖြင့် အစိုးရနှင့်လုပ်ငန်းရှင်များ နစ်နာမှုရှိနေဟု အငယ်စား ၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များအသင်း (ရန်ကုန်) မှသိရသည်။ "SME လုပ်ငန်းတွေအပေါ်မှာ တိကျတဲ့အခွန်ကောက်ခံမှု ဥပဒေသတ်မှတ်ချက်မရှိတော့ အစိုးရကလည်း အခွန်နစ်နာသလို SME လုပ်ငန်းရှင်တွေအတွက်လည်း နစ်နာမှုတွေရှိတယ်။ အစိုးရအနေနဲ့က လုပ်ငန်းရှင်က အမှန်မပြောတဲ့အတွက် အချက်အလက်မှန်မှန်ကန်ကန် မရဘူး။ SME ဌာနက လုပ်ငန်းတွေအတွက် သင်တန်းတွေလုပ်တော့ ကျွန်တော်တို့သွားတက်တယ်။ စာရင်းဇယားဘယ်လိုဆွဲရတယ်ဆိုတာကအစ သင်ပေးလိုက်တယ်။ အခွန်ရုံးကိုရောက်ရင် အဲဒါကို စိတ်မဝင်စားဘူး။ အခွန်က ညှိညှိနှိုင်းနှိုင်းနဲ့ ဆောင်နေရတယ်ဟု အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များအသင်း (ရန်ကုန်) အတွင်းရေးမှူး ဦးမင်းသူက မြန်မာတိုင်းကိုပြောသည်။ အခွန်ကို ညှိနှိုင်းပြီးဆောင်နေရသည့်အတွက် အချက်အလက်များ မှန်ကန်မှုမရှိနိုင်ဟုဆိုသည်။

"အခွန်ဌာနရဲ့ အဓိကရည်ရွယ်ချက်က အခွန်တိုးကောက်ရေး ပဲ။ မနှစ်ကဒီမြို့နယ်မှာ ဘယ်လောက်ကောက် လိုက်ရင် ဒီနှစ်အဲဒီထက်ပိုရမယ်ပဲ။ ကျွန်တော်တို့ အခွန်သွားဆောင်တဲ့လုပ်ငန်းရှင်ကို အမြဲတမ်း တိုးဆောင်ခိုင်းနေတာပဲ။ ရှုံးတာမြတ်တာသူတို့ စိတ်မဝင်စားဘူး။ လုပ်ငန်းဆိုရင် မြတ်ရမယ်ပဲသူတို့ထင်တာ။ မဆောင်ချင်ရင် လုပ်ငန်းပိတ်သိမ်း။ အဲဒါဆို ဒီနှစ်အခွန်မဆောင်ရတော့ဘူး'' ဟု ဦးမင်းသူကပြောသည်။

ရန်ကုန်တိုင်းအတွင်း SME ဌာန၌ မှတ်ပုံတင်ထားသော MSMEs လုပ်ငန်း ၅၀၀၀ ကျော်ရှိပြီး MSMEs လုပ်ငန်း ၁၅၀၀၀ ခန့် မှာ မှတ်ပုံတင်လုပ်ရန် ကျန်ရှိနေသည်။ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော SME Development Policy ၌ Small & Medium Enterprises အတွက် သတ်မှတ်ချက်သာရှိပြီး Micro Business (အိမ်တွင်းအသေးစားလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင် လုပ်ငန်း)များ အတွက် သီးခြားသတ်မှတ်ချက် မပါဝင်သေးသည့်အတွက် အိမ်တွင်းအသေးစားလုပ်ငန်းများနှင့် စည်ပင်လိုင်စင်ဖြင့် အလုပ်လုပ်နေကြသည့် လုပ်ငန်းများသည် မြို့နယ်အခွန်ရုံး၌ အခွန်ရှင်းလင်းခြင်းလုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် အခွန်ထမ်းဆောင်ရန် အခက်အခဲများ ကြုံတွေ့နေရသည်။

MSMEs ကဏ္ဍမှာ လုပ်ငန်းငယ်များဖြစ်၍ အားနည်းချက်များရှိနေပြီး အခွန်ထမ်းဆောင်ရမှု အခက်အခဲဖြစ်လျှင် အခွန်ထမ်းဆောင်လိုစိတ် လျော့ကျမည်ဖြစ်ပြီး လိုင်စင်များ ရယူလျှောက်ထားခြင်းမရှိတော့ဘဲ တရားမဝင်လုပ်ငန်းများအဖြစ် ရပ်တည်လျှင် နိုင်ငံတော်က အခွန် နစ်နာမည် ဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် သက်ဆိုင်ရာအနေဖြင့် လုပ်ငန်းလိုင်စင်ဖြင့်

လုပ်ကိုင်နေသူများအား ကုမ္ပဏီမှတ်ပုံတင်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် အားပေးသင့်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော် GDP အား တစ်ဖက်တစ်လမ်းမှ အားဖြည့်နိုင်သောတရားဝင်စီးပွားရေးလုပ်ငန်းများအဖြစ်ပြောင်းလဲနိုင်ရန် အားပေးကူညီစောင့်ရှောက်သင့်ကြောင်း ဦးမင်းသူကပြောသည်။

**Source:** https://myanmar.mmtimes.com/news/145540.html

## လာမည့်နှစ် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ဒီဂျစ်တယ် မားကတ်တင်း စီမံချက် ၁၂ခုဖြင့် ဆောင်ရွက်မည်

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရန် Digital Marketing Project ၁၂ ခု ပါဝင်ပြီး လုပ်ငန်းအလိုက် Tender နှင့် EOI များ ခေါ်ယူရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနထံမှ သိရသည်။ Google Marketing နှင့် Social Media Marketing တို့အတွက် ဆောင်ရွက်ရန် စီစဉ်ထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားခြင်းဖြစ်သည်။

COVID-19 ကာလအလွန်တွင် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုဆိုင်ရာ အကြောင်းအရာများကို Website များ၊ Online Channel များမှတစ်ဆင့် Digital Marketing နည်းလမ်းများဖြင့် ပိုမိုဆောင်ရွက်ရန်၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်းအဆိုပါဝန်ကြီးဌာနထံမှသိရသည်။ "ကိုဗစ်ကြောင့် သမားရိုးကျမားကတ်တင်းလုပ်လို့ အဆင်မပြေတော့ဘူး။ အခုလောလောဆယ် မားကတ်တင်းလုပ်ဖို့ လူချင်းတွေ့ဖို့မလွယ်တော့ ဘယ်လိုမှ ညှိသည်က လာဖို့မဖြစ်နိုင်ဘူး။ ဒါကြောင့် Virtual promotion လိုမျိုး နည်းလမ်းတွေကို ရွေးချယ်ဖို့ကြိုးစားလာတာဖြစ်တယ်" ဟု မြန်မာနိုင်ငံခရီးသွားဈေးကွက်မြှင့်တင်ရေးအသင်းအကြံပေး ဦးဖြိုးဝေရာဇာက ပြောသည်။

ကိုဗစ်ကာလအတွင်း အိမ်နီးချင်းနိုင်ငံများတွင် ခရီးသွားလုပ်ငန်းများ ဈေးကွက်မြှင့်တင်ရာတွင် ခရီးသွားလုပ်ငန်းဆိုင်ရာလုပ်ငန်းစဉ်များကို အွန်လိုင်းမှတိုက်ရိုက်ကြည့်ရှုနိုင်ခြင်းနှင့် အပြင်တွင်လက်တွေ့ကဲ့သို့ မြင်နိုင်သည့် Virtual promotion ဗီဒီယိုနည်းလမ်းများကို အသုံးပြုနေပြီဖြစ်ကြောင်း ဦးဖြိုးဝေရာဇာကဆိုသည်။ ပြီးခဲ့သည့်ရက်ပိုင်းက မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေးဆိုင်ရာ Video များ (4K and HDR Quality Video များနှင့် 360° Video များ) စုစည်းရိုက်ကူးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့်ကုမ္ပဏီ၊ လုပ်ငန်းရှင်များ EOI အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားသည်။ "ဒီလုပ်ငန်းက ခေါ်သင့်တာကြာနေပြီ၊ သူများတွေက လုပ်ဆောင်နေကြပြီ မြန်မာနိုင်ငံက မြန်မြန်ဖော်ဆောင်နိုင်လေကောင်းလေပဲ"ဟု ညှိလမ်းညွှန် ဦးအောင်စိုးကပြောသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်လတ်က မြန်မာ့ခရီးစဉ်ဒေသများကို Virtual promotion ဆောင်ရွက်ရေးနှင့် Myanmar Virtual Travel Mart ကဲ့သို့ Online အစီအစဉ်များဖြင့် ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးအခြေခံခရီးသွားလုပ်ငန်းတို့တိုကို တိုးမြှင့်ဆောင်ရွက်ရန် အောက်တိုဘာ ၁၉ ရက်က အွန်လိုင်းအစည်းအဝေးဖြင့် တွေ့ဆုံစည်ပြောကြားထားသည်။

**Source:** https://myanmar.mmtimes.com/news/145508.html

## ကုန်ကြမ်းမရသောကြောင့် မော်လမြိုင်ကျွန်းရှိ ငါးခြောက်လုပ်ငန်းများ ရပ်နားရမည့်အခြေအနေဖြစ်နေ



ကုန်ကြမ်းပြတ်လပ်နေသည့်အတွက် ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းများ ရပ်နားရမည့်အခြေအနေကြုံတွေ့နေရကြောင်း ဒေသခံ ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေးလုပ်ငန်းရှင်များကပြောသည်။ အောက်တိုဘာလဆန်းကစတင်၍ ရာသီဥတုဖောက်ပြန်သဖြင့် အပူချိန်မြင့်တက်ခြင်း၊ ရုတ်တရက် မိုးကြီးခြင်းတို့ကြောင့် ငါးဖမ်းဆီးရရှိမှု လျော့ကျလာသဖြင့် ကုန်ကြမ်းရှားပါးနေခြင်းဖြစ်ကြောင်း ငါးပိ၊ ငါးခြောက် ထုတ်လုပ်ရောင်းဝယ်သူ ဦးဆန်းလင်းက ပြောသည်။

ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် မော်လမြိုင်ကျွန်းမြို့နယ် ဒေသခံများက နေအိမ်တွင်သာနေထိုင်ကြသည့်အတွက် အခြေခံစားသောက်ကုန်အဖြစ် ငါးခြောက်များ ဝယ်ယူစုဆောင်း ကြသဖြင့် ငါးခြောက်အရောင်းအဝယ် ကောင်းလာသော်လည်း ရောင်းချရန် ငါးခြောက်ရှားပါးလာကြောင်းသိရသည်။ "ငါးခြောက်တွေကတော့ ရောင်းအား လုံးဝလျော့ကျမသွားသေးပါဘူး။ အခုရက်ပိုင်း ပိုတောင်ရောင်းအားသွက်လာတယ်။ ငါးခြောက်လုပ်ဖို့ ငါးကုန်ကြမ်းက အရင်ရက်လောက် မတက်တော့ဘူး။ တစ်နေ့နဲ့တစ်နေ့ ပိုဆိုးလာတယ်။ နောက်ပိုင်း ငါးကုန်ကြမ်းမရရင်တော့ အလုပ်ရပ်နားရဖို့ရှိတယ်"ဟု ဦးဆန်းလင်းက ပြောသည်။

ယခင်နှစ်များက ယခုအချိန်ဆိုလျှင် ငါးဖမ်းဆီးရရှိမှု များခဲ့သော်လည်း လတ်တလောတွင် ရာသီဥတုမမှန်သဖြင့် ငါးမရရှိခြင်းဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ဦးခင်မောင်သန်းကပြောသည်။ "အရင်က ဒီချိန်ဆို ငါးအရမ်းရတယ်။ ငါးအဝယ်ဒိုင်တွေကလည်း ကျွန်တော်တို့ဖမ်းလို့ရသမျှကို ဝယ်တယ်။ အခု ကိုဗစ်ကာလဆိုတော့ လူတွေက အစားအသောက်ပိုင်းဆိုင်ရာကို ဦးစားပေးကြတယ်။ အရင်ကထက် ငါးပိ၊ ငါးခြောက်ကို ပိုဝယ်လာကြတယ်။ ဒါပေမယ့် အရင်လောက် ငါးမရတော့ အခက်အခဲလေးတွေတော့ ရှိလာတယ်"ဟု ၎င်းကပြောသည်။ ယခင်က တစ်ရက်လျှင် ရှစ်ပိဿာမှ ၁၀ ပိဿာအထိ ဖမ်းယူရရှိသည့် ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများသည် အောက်တိုဘာလ ပထမပတ်မှစ၍ တစ်ရက်လျှင် သုံးပိဿာခန့်သာ ဖမ်းဆီးရမိတော့ ကြောင်းသိရသည်။

**Source:** https://www.facebook.com/thefarmermedia/

## ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ဂျပန်၏ စီးပွားရေးလုပ်ငန်းပေါင်း ၆၀၀ ခန့် လုပ်ငန်းစွန့်လွှတ်ခဲ့ရ

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဆက်လက်ပြန့်ပွားနေမှုဂယက်ကြောင့် ဒေဝါလီခံခဲ့ရသည့် စီးပွားရေးလုပ်ငန်းများအရေအတွက်သည် ၆၀၀ ခန့်ရှိလာပြီဖြစ်ကြောင်း Tokyo Shoko Research Ltd.က ပြောကြားခဲ့ပါသည်။ ပြီးခဲ့သည့် စက်တင်ဘာလ ကတည်းက စီးပွားရေးဆုံးရှုံးမှုအတိုင်းအတာသည် ပိုမိုကျယ်ပြန့်လာခဲ့ကြောင်း သုတေသီများကဆိုပါသည်။

အစိုးရအနေဖြင့် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးပံ့ပိုးမှု ဆောင်ရွက်နေစဉ်မှာပင် ငွေကြေးအင်အားချိနဲ့နေသည့်ကုမ္ပဏီများသည် ပြန့်ပွားမှုသက်တမ်းတာရှည်နေသည့် ကိုရိုနာကပ်ရောဂါကြောင့် လုပ်ငန်းဆက်လက်ရှင်သန်ရန် ခဲယဉ်းလာကြခြင်းဖြစ်ပါသည်။

ကိုရိုနာဂယက်ကြောင့် ဒေဝါလီခံလိုက်ရသည့် အကြွေး ယန်း ၁၀ မီလီယံရှိသည့် ကုမ္ပဏီစုစုပေါင်း ၅၇၁ ခု ကျော်ရှိကြောင်းသိရပါသည်။ ဇွန်လတွင် ဒေဝါလီခံရသည့် စီးပွားရေးလုပ်ငန်းပေါင်း ၁၀၃ ခုရှိပြီး၊ ဇူလိုင်လတွင် ၈၀ ခုနှင့် ဩဂုတ်လတွင် ၆၇ ခုနှင့် စက်တင်ဘာလတွင် ၁၀၀ အထိရှိလာကြောင်းသိရပါသည်။ စီးပွားရေးလုပ်ငန်းအမျိုးအစားများအနေဖြင့် စားသောက်ဆိုင်လုပ်ငန်းကဏ္ဍမှာ အထိခိုက်ခံရဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး၊ အဝတ်အထည်ကဏ္ဍမှာ ဒုတိယနှင့် တည်းခိုနေထိုင်ငှားရမ်းမှုလုပ်ငန်းမှာ တတိယမြောက် အထိခိုက်ဆုံးကဏ္ဍဖြစ်ကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## ဟောင်ကောင်ဒေသသည်"Made in China"တံဆိပ်ပြောင်းလဲကပ်ရန်နည်းဥပဒေနှင့်ပတ်သတ် ၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ဝေဖန်ပြောကြားလျှက်ရှိခြင်း

အမေရိကန်နိုင်ငံသို့ ဟောင်ကောင်ဒေသမှ ထုတ်လုပ်တင်ပို့သည့် ကုန်ပစ္စည်းများအား တရုတ်နိုင်ငံ ထုတ်ကုန်ပစ္စည်းများကို "Made in China" တံဆိပ် ပြောင်းလဲကပ်ရမည်ဟု အမေရိကန်သမ္မတထရန့်၏ အုပ်ချုပ်မှုလက်ထက် ထုတ်ပြန်သည့် ဥပဒေအား ဟောင်ကောင်ဒေသ မှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ( World Trade Organization–WTO) ၌ လူသိရှင်ကြား ဝေဖန်ပြောကြားခဲ့ကြောင်း၊၂၀၂၀ ပြည့်နှစ်၊စက်တင်ဘာလက အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး သို့ အကြောင်းကြားစာ ပေးပို့ပြီးနောက်ပိုင်း တရားဝင် စွက်ဖက်ပြောကြားမှုအား ဂျီနီဗာအဖွဲ့၏ အမြင့်ဆုံး အဆုံးအဖြတ်ပေးသည့်အဖွဲ့ဖြစ်သည့် WTO's General Council ၌ ၁၃-၁၀-၂၀၂၀(အင်္ဂါ) နေ့က ဟောင်ကောင်ဒေသမှ တင်ပြခဲ့ကြောင်း၊ ဟောင်ကောင်ဒေသသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်သောကြောင့် အမေရိကန်၏ကုန်အမှတ်တံဆိပ် ပြောင်းလဲကပ်ရန်အား ပယ်ဖျက်ပေးရန် ဟောင်ကောင်

ဒေသမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အမြဲတမ်းကိုယ်စားလှယ်ဖြစ်သည့် Mr. Lauire Lo မှကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ တင်ပြဆွေးနွေးခဲ့ကြောင်း၊အကယ်၍အမေရိကန်နိုင်ငံမှ ဟောင်ကောင်ဒေသထုတ်ကုန်ပစ္စည်းများ တံဆိပ်ပြောင်းလဲကပ်ခြင်းအား ပယ်ဖျက်ပေးခြင်းမရှိလျှင် ဟောင်ကောင် အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှုဖြေရှင်းရေး လုပ်ထုံးလုပ်နည်းအရ ၎င်းတို့၏ အကျိုးစီးပွားကို ဥပဒေအရ ကာကွယ်ခွင့်ရှိသည့်အတိုင်း ဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ထားကြောင်း၊ ဟောင်ကောင်၏ တင်ပြချက်ကို အမေရိကန်နိုင်ငံဘက်မှ အစည်းအဝေး၌ ဆက်လက်ဆွေးနွေးခဲ့ပြီး ပြန်လည်သုံးသပ်ပြီးလျှင် ဟောင်ကောင်၏ ထုတ်ပြန်ကြေညာချက်များအပေါ် ပြန်လည်တုန့်ပြန်လိမ့်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် အမေရိကန်ကို ဆန့်ကျင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ထားခြင်းမရှိသော်လည်း ဟောင်ကောင်၏ ထုတ်ပြန်ကြေညာချက်မှာ လုပ်ဆောင်သွားရန်စီစဉ်ထားကြောင်း ပြင်းထန်သည့်အချက်ပြမှုတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့နှင့် အခြားသောအဖွဲ့ဝင်များကလည်း ဟောင်ကောင်၏ စိုးရိမ်ပူပမ်မှုကိုသိရှိကြကြောင်း၊ ပေကျင်းမှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသားလုံခြုံရေးဥပဒေကို တုန့်ပြန်သည့်အနေဖြင့် "Made in China" တံဆိပ်ပြောင်းလဲကပ်ရန် ကြေညာချက်ကြောင့် ဟောင်ကောင်ဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာနှင့်ပတ်သက်၍ မေးခွန်းများထွက်ပေါ်လာကြောင်း၊ ဝါရှင်တန်မှ ဟောင်ကောင်ဒေသ၏ အထူးကုန်သွယ်ခွင့်ကို ပယ်ဖျက်ရန်မှာ ဝါရှင်တန်၏ ကြီးမားသည့် အားထုတ်မှုဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၏ ထုတ်ပြန်ချက်၌ အမေရိကန်ကထုတ်ပြန်သည့် "Made in China" တံဆိပ်ပြောင်းလဲကပ်ရန် သတ်မှတ်ချက်မှာ ဟောင်ကောင်ဒေသ၏ သီးသန့်အကောက်အခွန် ကောက်ခံသည့်ဒေသအဖြစ် ရပ်တည်နေမှုအား လျစ်လျူရှုရာ ရောက်ပြီး နှစ်ဘက်စလုံးရှိ စီးပွားရေးလုပ်ငန်းများနှင့် ဝယ်ယူသူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Finbarr Bermingham က "Hong Kong hits out at 'Made in China' rule at WTO" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှုး-မြန်မာသံရုံး၊ ဟောင်ကောင်**

## အီးယူနှင့်သဘောတူညီချက်ရရှိရေးဆောင်ရွက်ရန် ဗြိတိန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ တိုက်တွန်း

ဗြိတိန်ခွဲထွက်မှုအလွန် ကုန်သွယ်ရေးသဘောတူညီချက်ရရှိရေးအတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်သွားရန် လုပ်သားအရေအတွက် (၇) သန်းကျော်ပါဝင်သည့် ဗြိတိန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းပေါင်း (၇၀) ကျော်က တိုက်တွန်းခဲ့ကြောင်း သိရသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်သွယ်မှုသဘောတူညီချက်မရရှိဘဲ ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာမှုကို တားဆီးနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ လုပ်ငန်းကဏ္ဍအမျိုးမျိုးကို ကိုယ်စားပြုထားသော စီးပွားရေးလုပ်ငန်း ဦးဆောင်သူများအနေဖြင့် အီးယူနှင့်ဗြိတိန်တို့အကြား သဘောတူညီမှုတစ်ရပ်ရရှိစေလိုကြသည်ဟု ပြောကြားသည်။ ဗြိတိန်ခွဲထွက်မှုအလွန် ကုန်သွယ်ရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးမှုများတွင် တိုးတက်မှုမရှိသဖြင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဗြိတိန်နိုင်ငံသည် သဘောတူညီမှုမရရှိသောခွဲထွက်မှု (no-deal) အတွက် ပြင်ဆင်ထားသင့်သည်ဟု ပြောကြားခဲ့သည်။

Brexit ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများအပေါ် သဘောတူညီချက်ရရှိနိုင်ရေး အီးယူ၏အကျိုးစီးပွားနှင့်စပ်လျဉ်းသည့် အဓိကကိစ္စရပ်များ၌ လုံလောက်သည့်ဖြစ်ပေါ်တိုးတက်မှုမရှိသေးကြောင်း ဥရောပကောင်စီ၏ထိပ်သီးဆွေးနွေးပွဲတွင် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင်များအကြား သဘောတူညီခဲ့ကြပြီးနောက်တွင် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဗြိတိန်နိုင်ငံသည် သဘောတူညီမှုမရရှိဘဲခွဲထွက်မှု (no deal) အတွက် အဆင်သင့်ဖြစ်အောင်ပြင်ဆင်ထားရန် အချိန်ကျရောက်ပြီဖြစ်သည်ဟု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှုး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

# STOCK EXCHANGE (26.10.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 26th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 210 | 2,100,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +50 | +1.37% | 3,700 | 3,700 | 3,700 | 106 | 392,200 | 38,929,150 | 144,038 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 0 | 0 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,750 | 518 | 1,426,400 | 12,823,224 | 35,905 |
| EFR | 00006 | 3,150 | +0 | +0.00% | 3,050 | 3,150 | 3,050 | 58 | 182,600 | 19,977,223 | 62,928 |

## Market summary

As of 26th Oct. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 439.31 | +1.31 | +0.30% | 436.66 | 439.31 | 436.66 | 892 | 4,101,200 | 6 | 653,671 |

**Index chart**




Activate W
Go to Settings

## Market Overview

As of 1:00 pm, 26th Oct. 2020

| MYANPIX | 439.31 ▲ 1.31 |
|---|---|
| Total Volume (shares) | 892 |
| Total Value (MMK) | 4 mil |
| Listed Company | 6 |
| Market Cap. (MMK) | 653,671 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 3,150 | ▲ 0 |